# ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ
# (ပြည်ထောင်စုမြန်မာနိုင်ငံ)က
# မြန်မာ့အရေးလှုပ်ရှားမှုဖြစ်စဉ်များကို
# လူထုသို့အသိပေးကြေညာ

ကိုအေးလွင် ဥက္ကဋ္ဌအဖြစ်ဦးဆောင်သည့် ၈၈ မျိုးဆက်ကျောင်းလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)က မြန်မာ့အရေးလှုပ်ရှားမှုဖြစ်စဉ်များနှင့် ပတ်သက်၍ လူထုသို့ အသိပေးသည့်စာကို (၁-၆-၂၀၀၇)နေ့က မုံရွာမြို့သူမြို့သားများသို့ ဖြန့်ဝေလိုက်သည်။ အဆိုပါအသိပေးစာများတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို လက်တွေ့ကျကျ လျှင်မြန်စွာဖော်ဆောင်နိုင်ရန် အဟန့်အတားဖြစ်စေသည့် နည်းဗျူဟာများကို ဆန့်ကျင်ကန့်ကွက်ရေး ကြေညာချက်၊ ကုလသမဂ္ဂကအနေဖြင့်လည်းကောင်း၊ နိုင်ငံတကာအသိုင်းအဝန်းအနေဖြင့်လည်းကောင်း၊ ပြည်တွင်းပြည်ပရှိ တပ်မတော်အစိုးရဆန့်ကျင်ရေး အင်အားစုများအနေဖြင့်လည်းကောင်း၊ လက်တွေ့အကောင်အထည်ဖော်နိုင်မှုမရှိသည့် မိမိတို့သဘောထားများကို စွန့်လွှတ်၍လက်တွေ့အကောင်အထည်ဖော်မည်ဆိုလျှင် ဖြစ်နိုင်ခြေရှိသည့် တပ်မတော်အစိုးရ၏ ဒီမိုကရေစီဖော်ဆောင်ရေး လမ်းပြမြေပုံ မြန်မြန်ဆန်ဆန် အကောင်အထည်ပေါ်လာရေးကို အားလုံးနှင့်လက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းထားသည့်သဘောထားကြေညာချက်နှင့် မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီ၌ဆွေးနွေးရန် Formal Agenda တစ်ခုအဖြစ်လက်ခံခဲ့သည့်ကိစ္စအပေါ် သဘောထားကြေညာချက်များပါဝင်သည်။

ထူးခြားချက်မှာ အဆိုပါကြေညာချက်များသည် ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ယခုမှထုတ်ပြန်သည့်ကြေညာချက်များမဟုတ်ပဲ ၂၀၀၆ ခုနှစ်အတွင်းက မြန်မာ့အရေးလှုပ်ရှားမှုဖြစ်စဉ်များပေါ်မူတည်ပြီး အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာခဲ့သည့်ကြေညာချက်များဖြစ်သည်ကို လေ့လာတွေ့ရှိရပြီး ကိုအေးလွင်ပြောကြားချက်အရ မိမိတို့သည် မည်သည့်အချိန်ကာလကမှ တပ်မတော်အစိုးရကို မဆန့်ကျင်ခဲ့ကြောင်းနှင့် အမျိုးသားနိုင်ငံရေးမှသွေဖီသည့် မည်သည့်နိုင်ငံရေးမျိုးကိုမှ လုပ်မစားခဲ့ကြောင်း သိရှိရသည်။

(၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)၏ မြန်မာ့အရေးလှုပ်ရှားမှုဖြစ်စဉ်များအား အသိပေးထားသည့်စာနှင့် သဘောထားထုတ်ပြန်ကြေညာချက် (၃)စောင်အား သီးခြားဖော်ပြထားသည်)

## ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ
## (ပြည်ထောင်စုမြန်မာနိုင်ငံ)

သို့

-----------------

-----------------

ရက်စွဲ၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ( ) ရက်

အကြောင်းအရာ။ ။မြန်မာ့အရေးလှုပ်ရှားမှုဖြစ်စဉ်များကိုအသိပေးတင်ပြခြင်း

လူကြီးမင်းခင်ဗျား-

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)သည် ၁၉၈၈ ခုနှစ်၊ မတ်လ (၁၃)ရက်နေ့မှစ၍ ယနေ့ထိတိုင် မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးအတွက် တစ်စိုက်မတ်မတ် ဆောင်ရွက်နေကြသော ၈၈ အရေးတော်ပုံ ကျောင်းသားခေါင်းဆောင်များကို အခြေခံ၍စုစည်းထားသည့် အမျိုးသားရေးအင်အားစုတစ်ခုဖြစ်ပါသည်။

၂။ ၁၉၈၈ ခုနှစ်ကထားရှိခဲ့သော ပြည်သူလူထုတစ်ရပ်လုံး၏ သဘောထားဖြစ်သည့် 'တစ်ပါတီစနစ် ဖျက်သိမ်းရေးနှင့် ပါတီစုံစနစ်ကျင့်သုံးရေး' ဟူသည့် အမျိုးသားရေးမဟာဗျူဟာပေါ်တွင် (၁၈)နှစ်တာကာလ နိုင်ငံရေးဖြတ်သန်းမှု အတွေ့အကြုံများနှင့်ပေါင်းစပ်ကာ ကျွန်ုပ်တို့ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)အနေဖြင့် ပါတီစုံအမည်ခံ အစားထိုး တစ်ပါတီစနစ် (မဟာပါတီကြီးဝါဒကျင့်သုံးမှု) မဖြစ်ပေါ်ရေးအတွက်လည်း ပြည်သူလူထုနှင့်အတူလက်တွဲ၍ နိုင်ငံရေးသတိတရားကြီးစွာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ကျွန်ုပ်တို့အနေဖြင့် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)နှင့် တပ်မတော်အစိုးရတို့ အတူတစ်ကွလက်တွဲ၍ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မြန်မာတစ်မျိုးသားလုံး လိုလားတောင့်တနေသော ဒီမိုကရေစီနိုင်ငံထူထောင်ရေးခြေလှမ်းများ ယခုထက်ပိုမို မြန်ဆန်လာစေမည်ဟု ယုံကြည်သည့်အပြင် ပြည်သူတစ်ဦးချင်းစီ၏ မူလအခွင့်အရေးနှင့်ရပိုင်ခွင့်များ အပြည့်အဝရရှိနိုင်ရေးအတွက်လည်း အာမခံချက်ရှိလာမည်ဟု ယုံကြည်ပါသည်။

၄။ သို့ဖြစ်ပါ၍ လူကြီးမင်းအနေဖြင့် ကျွန်ုပ်တို့၏ရပ်တည်ချက်သဘောထားများကို လေ့လာသိရှိနိုင်ရန်နှင့် လိုအပ်သလိုပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ကျွန်ုပ်တို့၏သဘောထား ထုတ်ပြန်ကြေညာချက်များကို ပေးပို့အပ်ပါသည်။

၅။ ကျွန်ုပ်တို့၏သဘောထားထုတ်ပြန်ကြေညာချက်များအပေါ်တွင် မရှင်းလင်းသည့်အချက်များ၊ သဘောမတူနိုင်သည့်အချက်များနှင့် ဝေဖန်အကြံပြုလိုသည့်အချက်များရှိမည်ဆိုပါက လူကြီးမင်းအနေဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ လူကြီးမင်းထံသို့ ကျွန်ုပ်တို့အား ဖိတ်ခေါ်၍ဖြစ်စေ ပွင့်လင်းစွာဆွေးနွေးနိုင်ရန်အတွက် (ဖုန်း–၀၉ ၅၁၂၇၀၇၂)သို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

လေးနက်တည်ကြည်စွာ

အေးလွင်
အမျိုးသားဦးစီးကော်မတီ (ကိုယ်စား)

## ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ
## (ပြည်ထောင်စုမြန်မာနိုင်ငံ)
## သဘောထားထုတ်ပြန်ကြေညာချက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို လက်တွေ့ကျကျ လျှင်မြန်စွာဖော်ဆောင်နိုင်ရန်အတွက် အဟန့်အတားဖြစ်စေသည့် အောက်ပါနည်းဗျူဟာရွေးချယ် ကျင့်သုံးမှုများကို ပြတ်ပြတ်သားသား ဆန့်ကျင်ကန့်ကွက်ပါကြောင်း ကျွန်ုပ်တို့အလေးအနက်သဘောတူဆုံးဖြတ်ကြသည်။

- (က) ၁၉၉၀ပြည့် ရွေးကောက်ပွဲရလဒ်ကို ယနေ့ထိတိုင် တရားသေဆုပ်ကိုင်ထားမှုနှင့် ဒေါ်အောင်ဆန်းစုကြည်ကို တရားဝင်ခေါင်းဆောင်အဖြစ် ပါဝင်ခွင့်ပေးပြီး တပ်မတော်အစိုးရနှင့် တွေ့ဆုံဆွေးနွေးရေးတောင်းဆိုနေမှု၊
- (ခ) အမျိုးသားပြန်လည်သင့်မြတ်ရေးကို ကြွေးကြော်ပြီး တပ်မတော်အစိုးရအား ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးပြုလုပ်နေမှု၊
- (ဂ) ပြည်ပနိုင်ငံများမှ မြန်မာ့အရေးတွင် ပြေလည်မှုမရနိုင်သည့် နည်းလမ်းများသုံး၍ ဝင်ရောက်စွက်ဖက်နေမှု၊
- (ဃ) မြန်မာနိုင်ငံ ဒီမိုကရေစီထွန်းကားရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အရေးယူဆောင်ရွက်ပေးရန် တောင်းဆိုလုပ်ဆောင်နေမှု၊
- (င) ပြည်သူလူထုတစ်ရပ်လုံးအား ဒုက္ခပင်လယ်ဝေစေမည့် လူထုအုံကြွမှုပေါ်ပေါက်စေရန် တိုက်တွန်းလှုံ့ဆော်ဖန်တီးနေမှု၊
- (စ) မြန်မာပြည်သူတို့၏ အကျိုးစီးပွားကိုသာ အများဆုံးထိခိုက်နစ်နာစေသည့် နိုင်ငံတကာမှ စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်အရေးယူနေမှု၊
- (ဆ) ကမ္ဘာပေါ်ရှိ နိုင်ငံအများစုက ဆန့်ကျင်ရှုတ်ချနေသော ပြည်သူတို့၏ဘဝလုံခြုံမှုကို ခြိမ်းခြောက်နေသည့် ဖောက်ခွဲပျက်ဆီးရေးအကြမ်းဖက်လုပ်ငန်းများကို ဒီမိုကရေစီရရှိရေးအမည်ခံ၍ လုပ်ဆောင်နေမှု၊

၂။ ပြည်သူလူထု၏အကျိုးစီးပွားကို ရှေ့တန်းမတင်သည့် ဒီမိုကရေစီအမည်ခံအင်အားစုများနှင့် တပ်မတော်အစိုးရတို့ အားပြိုင်နေမှုသည် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ တိုင်းပြည်နှင့်လူမျိုးအတွက် အခွင့်အလမ်းကောင်းများ မရရှိစေဘဲ ဆုံးရှုံးနစ်နာမှုများကိုသာ ဖြစ်ပေါ်စေခဲ့သည်။ ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံ၌ ဒီမိုကရေစီအသွင်ကူးပြောင်းမှု လျှင်မြန်စွာဖြစ်ပေါ်ရေးကို အဟန့်အတားဖြစ်စေသည့် နည်းဗျူဟာရွေးချယ်ကျင့်သုံးမှုများကို အမြန်ဆုံးချက်ချင်း ရပ်ဆိုင်း၍ ပြည်သူလူထုတစ်ရပ်လုံးအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းစဉ်များပေါ်တွင် တပ်မတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေသော ပါတီစုံစနစ်နှင့် ဒီမိုကရေစီအခွင့်အရေးများကို လျှင်မြန်စွာရရှိခံစားနိုင်မည်ဟု အပြည့်အဝယုံကြည်သည်။

၃။ မြန်မာနိုင်ငံ၌ ဒီမိုကရေစီဖြစ်ပေါ်ထွန်းကားရေးအတွက် ပါဝင်ဆောင်ရွက်နေကြသော ပြည်တွင်းပြည်ပရှိ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းပါတီများအနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရမဖြေရှင်းနိုင်အောင် နည်းဗျူဟာများနှင့် လုပ်ငန်းစဉ်များကိုစွန့်လွှတ်ပြီး နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်မည့် လက်တွေ့ကျသောနည်းဗျူဟာများနှင့် လုပ်ငန်းစဉ်များကို အမြန်ဆုံးပြောင်းလဲ အကောင်အထည်ဖော်ကြရန် ကျွန်ုပ်တို့အနေဖြင့် အလေးအနက်တိုက်တွန်းအပ်သည်။ ဤကဲ့သို့ ပြောင်းလဲလုပ်ဆောင်ခြင်းသည် ဂုဏ်သိက္ခာကျဆင်းစေသည့် လုပ်ရပ်မဟုတ်ဘဲ ပြည်သူတို့ ခံစားနေရသော လူမှုဒုက္ခများကို အမြန်ဆုံးကုစားပေးရာရောက်ပေသည်။

၄။ ကျွန်ုပ်တို့အနေဖြင့် နိုင်ငံတော်အာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်စေရမည်ဟူသော အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အပြည့်အဝယုံကြည်ထောက်ခံသည့်အပြင် ကျွန်ုပ်တို့၏ ရည်မှန်းချက်ပန်းတိုင်အဖြစ် သတ်မှတ်ထားပါသည်။ သို့သော် အမျိုးသားညီလာခံတွင် အနာဂါတ်မြန်မာ

နိုင်ငံ၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်ပါဝင်ထမ်းဆောင်နိုင်ရေးကို ရှေးရှု၍ချမှတ်ခဲ့သည့် အခြေခံမူများအား လက်ရှိမြန်မာ့နိုင်ငံရေး အကျပ်အတည်းမှ ကျော်လွှားနိုင်ရန်အတွက် ချွင်းချက်အဖြစ်သဘောတူလက်ခံပါသည်။ ထို့အပြင် ယခုကျင်းပဆဲ အမျိုးသားညီလာခံနှင့် တပ်မတော်အစိုးရမှ ထုတ်ပြန်ကြေညာထားသည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို အောင်မြင်သည်အထိ လက်တွဲဆောင်ရွက် နိုင်မှသာ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အလျှင်အမြန်လျှောက်လှမ်းနိုင်မည်ဟု ယုံကြည်သည်။

၅။ သို့ဖြစ်ပါ၍ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)အနေဖြင့် မြန်မာနိုင်ငံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ အမြန်ဆုံးရောက်ရှိနိုင်ရေးကိုရှေးရှု၍ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ ချောမွေ့မြန်ဆန်စေရန်အလို့ငှာ ကျင်းပဆဲဖြစ်သည့် အမျိုးသားညီလာခံ အပါအဝင် တပ်မတော်အစိုးရ၏ မူဝါဒလမ်းစဉ် (၇)ရပ် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များတွင် တပ်မတော်အစိုးရနှင့်အတူ လက်တွဲ၍ အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

၆။ တပ်မတော်အစိုးရမှ ကျွန်ုပ်တို့၏သဘောထားကို အပြုသဘောလက်ခံစဉ်းစားပြီး ပူးပေါင်းဆောင်ရွက်ခြင်းကို ကြိုဆိုသည့်အနေဖြင့် အမျိုးသားညီလာခံတွင် တိုးချဲ့ညီလာခံကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ သို့မဟုတ် လေ့လာသူအဖြစ်လည်းကောင်း ဖိတ်ကြားမည်ဆိုပါက ကျွန်ုပ်တို့ဘက်မှတက်ရောက်ရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း ကြေညာအပ်သည်။

အမျိုးသားရေးဦးစီးကော်မတီ

၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း (၈) ရက်
၂၀၀၆ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်
ဗုဒ္ဓဟူးနေ့
ရန်ကုန်မြို့

**၈၈ မျိုးဆက်ကျောင်းသားလူငယ်များ**

**(ပြည်ထောင်စုမြန်မာနိုင်ငံ)**

**သဘောထားထုတ်ပြန်ကြေညာချက်**

၁။ ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာအီဘရာဟင်၊ အေ၊ ဂမ်ဘာရီ၏ ယခုတစ်ကြိမ် မြန်မာနိုင်ငံသို့ လာရောက်ခြင်းသည် ဒုတိယအကြိမ်မြောက် ခရီးစဉ်ဖြစ်ပါသည်။ မစ္စတာအီဘရာဟင်၊ အေ၊ ဂမ်ဘာရီ လာရောက် နိုင်သည်မှာ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ဆက်ဆံရေးကောင်းမွန်မှုကို ထင်ဟပ်ဖော်ပြရာရောက်ပေသည်။

၂။ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့၏ ဆက်ဆံရေးသည် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ထိရောက်သည့် အထောက်အကူပြုမှုတစ်ရပ်ဖြစ်ရန် လိုအပ်ပါသည်။

၃။ ၁၉၈၈ အရေးတော်ပုံကာလက သမ္မတဒေါက်တာမောင်မောင်၏ ဒီမိုကရေစီကူးပြောင်းရေးကမ်းလှမ်းချက်ကို ပယ်ချခဲ့ကြသဖြင့် ဒီမိုကရေစီနှင့် တစ်ခါလွဲခဲ့ရပြီးဖြစ်ပါသည်။

၄။ ယခုတစ်ဖန် တပ်မတော်အစိုးရ၏ ဒီမိုကရေစီကူးပြောင်းရေး လမ်းပြမြေပုံကို ထပ်မံ၍ပယ်ချကြမည်ဆိုပါက မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလမ်းစ ပျောက်ဆုံးသွားစေနိုင်ပါသည်။

၅။ တပ်မတော်အစိုးရအား ဆန့်ကျင်နေသည့် အုပ်စုများဘက်မှ တစ်ဘက်သတ်ဘက်လိုက်ရပ်တည်ဆောင်ရွက်ပေးခြင်း သည်လည်းကောင်း၊ တပ်မတော်အစိုးရမှ လက်မခံနိုင်သည့် ကိစ္စများကို ဖိအားပေးအကြပ်ကိုင်၍ အတင်းအကျပ် လက်ခံ လိုက်နာစေခြင်းသည်လည်းကောင်း၊ မြန်မာ့ဒီမိုကရေစီရေးအတွက် တိုးတက်မှုမဖြစ်စေသည့်အပြင် အပြောင်းအလဲကာလ ကိုလည်း မလိုအပ်ပဲရှည်ကြာသွားစေနိုင်ပါသည်။

၆။ ကုလသမဂ္ဂအနေဖြင့် တပ်မတော်အစိုးရ၏ အချက်(၇)ချက်ပါ ဒီမိုကရေစီကူးပြောင်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင် အထည်ပေါ်လာစေရန် ရည်ရွယ်ပြီး ယင်းလုပ်ငန်းစဉ်ကိုဆန့်ကျင်နေသော အင်အားစုများအား လက်ခံပူးပေါင်းဆောင်ရွက် လာစေရန် တိုက်တွန်းလုပ်ဆောင်သင့်ပါသည်။ ယင်းသို့ မဆောင်ရွက်နိုင်ပါက မြန်မာ့နိုင်ငံရေးသည် ဖြေရှင်းရခက်ခဲသော ပိုမိုဆိုးရွားသည့် အခြေအနေသို့ ရောက်ရှိသွားစေနိုင်ပါသည်။

၇။ သို့ပါ၍ ကုလသမဂ္ဂအနေဖြင့်လည်းကောင်း၊ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့်လည်းကောင်း၊ ပြည်တွင်းပြည်ပရှိ တပ်မတော်အစိုးရ ဆန့်ကျင်ရေးအင်အားစုများအနေဖြင့်လည်းကောင်း လက်တွေ့အကောင်အထည်ဖော်နိုင်မှုမရှိသည့် မိမိတို့သဘောထားများကို စွန့်လွှတ်၍ လက်တွေ့အကောင်အထည်ဖော်မည်ဆိုလျှင် ဖြစ်နိုင်ခြေရှိသည့် တပ်မတော်အစိုးရ၏ ဒီမိုကရေစီဖော်ဆောင်ရေး လမ်းပြမြေပုံ

မြန်မြန်ဆန်ဆန်အကောင်အထည်ပေါ်လာရေးကို အားလုံးလက်တွဲဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

အမျိုးသားရေးဦးစီးကော်မတီ

၁၃၆၈ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၅)ရက်
၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ (၉)ရက်
ရန်ကုန်မြို့

## ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ
## (ပြည်ထောင်စုမြန်မာနိုင်ငံ)
## မြန်မာ့အရေးကို လုံခြုံရေးကောင်စီ၌ဆွေးနွေးရန် FORMAL AGENDA တစ်ခုအဖြစ် လက်ခံခဲ့သည့်ကိစ္စအပေါ် သဘောထားထုတ်ပြန်ကြေညာချက်

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးမှ မြန်မာ့အရေးကို လုံခြုံရေးကောင်စီတွင်ဆွေးနွေးရန် တင်ပြခဲ့မှုအပေါ် လုံခြုံရေးကောင်စီမှ (၁၅.၉.၂၀၀၆)ရက်နေ့က FORMAL AGENDA (အစည်းအဝေးအစီအစဉ်) တစ်ခုအနေဖြင့် တရားဝင် လက်ခံလိုက်သည်ဟု သိရှိရပါသည်။

ယခုကဲ့သို့ အမေရိကန်အစိုးရမှ မြန်မာ့အရေးကို လုံခြုံရေးကောင်စီတွင်ဆွေးနွေးရန် တင်ပြခြင်းမှာ NCGUB နှင့် USCB တို့အနေဖြင့် အမေရိကန်အစိုးရအား မြန်မာ့အရေးကိစ္စတွင် မှားယွင်းစွာဝင်ရောက်စွက်ဖက်သူ အဖြစ်သို့တွန်းပို့လိုက်ခြင်းသာဖြစ်ပါသည်။

မြန်မာနိုင်ငံရှိတပ်မတော်အစိုးရနှင့် နိုင်ငံရေးအင်အားစုများအကြား မပြေမလည်ဖြစ်နေသည့်အခြေအနေကို အခွင့်ကောင်းယူ၍ အမေရိကန်၏ ဩဇာအာဏာကို ထူထောင်နိုင်ရန်အတွက် လုံခြုံရေးကောင်စီကို အသုံးချလိုက်ခြင်းဖြစ် ပါသည်။ အမေရိကန်အစိုးရသည် လုံခြုံရေးကောင်စီတွင် ရရှိထားပြီးဖြစ်သည့် မိမိ၏အရှိန်အဝါကိုအသုံးချပြီး မြန်မာ့ အရေးတွင်ဝင်ရောက်၍ အခန်းကဏ္ဍတစ်ခု ရယူခြင်းသက်သက်မျှသာဖြစ်ပါသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာ့အရေးကို ဆွေးနွေးရန်အတွက် FORMAL AGENDA တစ်ခုအဖြစ် လက်ခံလိုက်ခြင်းသည် မြန်မာနိုင်ငံဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို တိုးတက်မှုရှိအောင် အားဖြည့် ပေးရာမရောက်ဘဲ ပိုမိုကြန့်ကြာသွားစေမည့် မှားယွင်းသည့်လုပ်ရပ်ဖြစ်သဖြင့် မြန်မာနိုင်ငံသားများအတွက် စိုးရိမ်ဖွယ်ရာ ပင်ဖြစ်ပါသည်။ ယင်းလုပ်ရပ်ကြောင့် လုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံသားများအား မျှော်လင့်ချက် အမှားတစ်ခုကို ပေးလိုက် သကဲ့သို့ဖြစ်သွားစေခဲ့ပါသည်။

မြန်မာ့အရေးကို မြန်မာနိုင်ငံသားများကသာ ဖြေရှင်းရမည်ဖြစ်ပြီး လုံခြုံရေးကောင်စီမှ ဝင်ရောက်ဖြေရှင်းပေးရမည့် ကိစ္စမဟုတ်ပါ။ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးပြဿနာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဝင်ရောက်ဖြေရှင်းပေးရန် တာဝန်မရှိပါ။ မြန်မာနိုင်ငံ၏ပြဿနာသည် နိုင်ငံရေးပြဿနာသာဖြစ်ပါသည်။ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးပြဿနာအဖြစ်သို့ လိုသလိုဆွဲယူပြီး ကိုင်တွယ်ဖြေရှင်းရမည့် ကိစ္စမျိုးလည်းမဟုတ်ပါ။ မြန်မာ့အရေးတွင် မြန်မာနိုင်ငံသားများအနေဖြင့် ပြေလည်မှုရရှိအောင် မဖြေရှင်းနိုင်သေးခြင်း၏ အကြောင်းအရင်း အမှန်များကို လုံခြုံရေးကောင်စီအနေဖြင့် အခြေခံမှစ၍ အရင်းအမြစ်ကျကျ နားလည်သိရှိခဲ့မည်ဆိုပါက ယခုကဲ့သို့ဖြစ်လာနိုင်မည်မဟုတ်ပါ။

ရွေးကောက်ပွဲတွင်အနိုင်ရရှိခဲ့သော NLD ပါတီအနေဖြင့် မိမိကိုယ်တိုင်လက်သိပ်ထိုးရေးဆွဲထားသော ယာယီ ဖွဲ့စည်းပုံအခြေခံ ဥပဒေဖြင့် အာဏာလွှဲပြောင်းရယူလိုခြင်းအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် စနစ်တကျရေးဆွဲပြီးမှသာ တရားဝင်အာဏာလွှဲပြောင်းပေး လိုသော တပ်မတော်အစိုးရကို နှစ်ဘက်သဘောထား ကွဲလွဲမှုမှစတင်ကာ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများ ဖြစ်ပေါ်လာခဲ့ရခြင်းဖြစ်ပါသည်။ အနိုင်ရပါတီအနေဖြင့် ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် မရရှိခဲ့သော မိမိပါတီ၏ခေါင်းဆောင်ကို မိမိပါတီမှ လက်သိပ်ထိုးရေးဆွဲထားသော ယာယီဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တရားဝင် အစိုးရခေါင်းဆောင်ဖြစ်လာရေး ကြိုးပမ်းအားထုတ်မှုကို

တပ်မတော်အစိုးရဘက်မှ လက်မခံခဲ့ခြင်းကြောင့် ယခုအချိန်အထိ မြန်မာ့နိုင်ငံရေး ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေသို့ရောက်ရှိနေခဲ့ရခြင်းဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပပြုလုပ်ခဲ့သည်မှာ အချိန်ကာလအားဖြင့် (၁၆)နှစ်ရှိလာခဲ့ပြီဖြစ်ပါသည်။ ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် အသက်မပြည့်သေးသဖြင့် ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ခံနိုင်ခွင့် မရရှိခဲ့ကြသည့် နိုင်ငံသားများသည် ယနေ့အချိန်တွင် အသက်အရွယ်အားဖြင့် (၃၅)နှစ်နှင့် (၃၇)နှစ်အရွယ်သို့ရောက်ရှိနေကြပြီဖြစ်ပါသည်။ ၎င်းတို့သည် မြန်မာနိုင်ငံ၏လူဦးရေအချိုးအစားအရ ရောမလူများစုကြီးဖြစ်နေပါသည်။ မြန်မာ့နိုင်ငံရေးကို အဖြေရှာရာတွင် ၎င်းတို့၏အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ အဆိုပါ (၁၈)နှစ်နှင့်(၃၇)နှစ်အကြား အသက်အရွယ်ရှိသည့် နိုင်ငံသားအများစုကြီး၏ ဆန္ဒသဘောထားမပါရှိသော လွန်ခဲ့သည့် (၁၆)နှစ်ကပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲရလဒ်သည် ၎င်းတို့အား ကိုယ်စားပြုခြင်းမရှိသောကြောင့် ပြည်သူလူထုကြီးတစ်ရပ်လုံးအား ကိုယ်စားပြုနေသည်ဟု ယနေ့အချိန်အထိ တရားသေယူဆနေပါက မှန်ကန်မှုမရှိနိုင်ပါ။

အနိုင်ရပါတီ NLD အနေဖြင့် ရွေးကောက်ပွဲရလဒ်ကို တလွဲအသုံးချ၍ ဆင်ခြင်တုံတရားကင်းမဲ့စွာ လက်တွေ့မဖြစ်နိုင်သည့် မိမိအလိုဆန္ဒအများတစ်ခုကိုအရယူရန် မမှန်ကန်သောအားထုတ်မှုများ ပြုလုပ်လာခဲ့ခြင်းမှ အစပြု၍ မြန်မာ့ နိုင်ငံရေးပြဿနာများ ဖြစ်ပေါ်လာခဲ့ရပြီး ယခုကဲ့သို့ လုံခြုံရေးကောင်စီသို့ ရောက်ရှိလာခဲ့ရခြင်းဖြစ်ပါသည်။

အမေရိကန်အပါအဝင် ကမ္ဘာ့ကုလသမဂ္ဂတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ကြသော မည်သည့်နိုင်ငံကမဆို တည်ရှိဆဲ ရွေးကောက်ပွဲဥပဒေအရ ရွေးချယ်တင်မြှောက်ပိုင်ခွင့် အရည်အချင်းမပြည့်မီသူ တစ်ဦးအား ပြည်သူလူထုကရွေးကောက် တင်မြှောက်ထားသည့် အစိုးရအဖွဲ့၏တရားဝင်ခေါင်းဆောင်အဖြစ် လက်ခံကြမည်မဟုတ်ပါ။ မိမိနိုင်ငံတွင် လက်ခံကျင့်သုံးခြင်း မပြုသော မူသဘောထားတစ်ခုကို အခြားတစ်နိုင်ငံအား အတင်းအကျပ်လက်ခံခိုင်း၍လည်း ရနိုင်မည်မဟုတ်ပါ။

NLD, NCGUB နှင့် USCB အဖွဲ့များသည် မြန်မာနိုင်ငံတွင် ဥပဒေအရ ရွေးကောက်ခံပိုင်ခွင့်မရှိသူ တစ်ဦးအား ရွေးကောက်ခံအစိုးရ၏ တရားဝင်အစိုးရခေါင်းဆောင်ဖြစ်ရေးကို ကြိုးပမ်းအားထုတ်နေသော အဖွဲ့အစည်းများသာဖြစ်ပါသည်။ ၎င်းတို့သည် လွန်ခဲ့သည့် (၁၆)နှစ်က ရွေးကောက်ပွဲရလဒ်တစ်ခုကို ယခုအချိန်အထိ တရားသေဆုပ်ကိုင်ကာ ၎င်းတို့၏ လှုပ်ရှားမှုများကို ပြည်သူလူထုအား ကိုယ်စားပြုသည်ဟု မျက်စိစုံမှိတ်၍ ကြွေးကြော်နေကြသူများဖြစ်သည်။ ၎င်းတို့၏ မအောင်မြင်သော လုပ်ငန်းစဉ်များတွင် အမေရိကန်အစိုးရနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတို့အား ဆွဲသွင်းလိုက်ခြင်းသာဖြစ်ပါသည်။ မြန်မာနိုင်ငံ၏တည်ဆဲတပ်မတော်အစိုးရအား နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ထိပ်တိုက်ရင်ဆိုင်ပေးခြင်းအားဖြင့် မိမိတို့၏ မအောင်မြင်သော လုပ်ရပ်အမှားများကို အဖတ်ဆယ်ရန် ကြိုးပမ်းမှုတစ်ရပ် ပြုလုပ်ခြင်းသာဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် တရားဝင်ပေါ်ပေါက်လာမည်ဆိုပါက ဒေါ်အောင်ဆန်းစုကြည်သည် တရားဝင်အစိုးရခေါင်းဆောင်ဖြစ်လာမည်မဟုတ်ပါ။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်အား တရားဝင်အစိုးရခေါင်းဆောင်ဖြစ်စေ လိုသူများနှင့် အဖွဲ့အစည်းများသည် ဒေါ်အောင်ဆန်းစုကြည် အခန်းကဏ္ဍမပါသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ တရားဝင်ပေါ်ပေါက်လာရေးနှင့် ဒီမိုကရေစီအပြောင်းအလဲကာလ မြန်ဆန်သွားရေးကိုမလိုလားကြပါ။ NLD, NCGUB နှင့် USCB တို့သည် ရွေးကောက်ပွဲတွင် ရွေးချယ်ခံပိုင်ခွင့်မရှိသည့် ဒေါ်အောင်ဆန်းစုကြည်၏နောက်မှရပ်ပြီး နိုင်ငံရေးလှုပ်ရှားမှုပြုလုပ်နေကြသူ များသာဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒေါ်အောင်ဆန်းစုကြည်၏ အခန်းကဏ္ဍ ပျောက်ဆုံးသွားမည်ဆိုပါက ၎င်းတို့၏ အခန်းကဏ္ဍများလည်း အလိုလိုပျောက်ဆုံးသွားကြမည်ကို စိုးရိမ်ကြသဖြင့် အမေရိကန်၊ လုံခြုံရေးကောင်စီနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအား အသုံးချနေကြခြင်းသာဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂသည် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းနိုင်ငံရေးကိစ္စများတွင် မည်သို့မျှမဖြစ်နိုင်သည့်ကိစ္စရပ်ကို ဖြစ်ကိုဖြစ်ရမည်ဟု သြဇာသုံး၍ ဝင်ရောက်အဆုံးအဖြတ် သတ်မှတ်ပေးရန် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းမဟုတ်ပါ။

မြန်မာ့အရေးပြေလည်မှုမရခြင်းမှာ NLD ပါတီ အစရှိသည့် အဖွဲ့အစည်းများမှ မဖြစ်သင့် မဖြစ်ထိုက်၊ မဖြစ်နိုင်သည့် ကိစ္စကို ဖြစ်ကိုဖြစ်ရမည်ဟု တရားသေဆုပ်ကိုင်၍ မိမိတို့အနိုင်ရရှိခဲ့သည့် ရွေးကောက်ပွဲရလဒ်ကို တလွဲအသုံးချကာ ဒေါ်အောင်ဆန်းစုကြည်

အစိုးရခေါင်းဆောင်ဖြစ်ရေးအတွက် တစိုက်မတ်မတ်နှင့် ဦးတည်ဆောင်ရွက်လာမှုကြောင့် နိုင်ငံရေး ပြဿနာများ ဖြစ်ပေါ်လာခဲ့ရပြီး တစ်ချိန်တည်းမှာပင် အဆိုပါပြဿနာများသည် တပ်မတော်အစိုးရက အတိုက်အခံများ အပေါ်၌ ဖိနှိပ်ခြင်းကြောင့် ဖြစ်ပေါ်လာရသည်ဟု ပြည်တွင်းပြည်ပသို့ ဝါဒဖြန့်စစ်ပွဲ ဆင်နွှဲခြင်းနှင့်အတူ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေး၊ လူထုအုံကြွမှုဖြစ်ပေါ်ရေး၊ ပြည်ပမှဝင်ရောက်စွက်ဖက်ရေး၊ လုံခြုံရေးကောင်စီမှ အရေးယူဆောင်ရွက်ရေး၊ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ရေးနှင့် ဖောက်ခွဲဖျက်ဆီး အကြမ်းဖက်ရေးလှုပ်ရှားမှုများကို ပြုလုပ်လာခဲ့ကြခြင်းဖြစ်ရာ ယခုအခါ လုံခြုံရေးကောင်စီသို့ မြန်မာ့အရေး ရောက်ရှိလာခဲ့ခြင်းဖြစ်ပါသည်။

မည်သည့်နိုင်ငံတွင်မဆို တပ်မတော်အား ရန်သူသဖွယ်သဘောထားသည့် အင်အားစုတစ်စု သို့မဟုတ် တစ်စုထက် များသည့် အဖွဲ့အစည်းများနှင့် ၎င်းအဖွဲ့အစည်းများအား မျက်စိမှိတ်ထောက်ခံနေသည့် အင်အားစုများသည် ပြည်သူလူထုအား ၎င်းတို့၏ သဘောထား အမှားများကို သွတ်သွင်းမှုများ ပြုလုပ်နေခဲ့ပါလျှင် သက်ဆိုင်ရာတိုင်းပြည်တိုင်းကို အန္တရာယ်ဖြစ်စေပါသည်။ ဤသို့ပြုလုပ်နေသည့် အဖွဲ့အစည်းများကိုလည်း မည်သည့်နိုင်ငံကမျှ နိုင်ငံတော်အာဏာကို အကြွင်းမဲ့ အပ်နှင်းနိုင်လိမ့်မည် မဟုတ်ပါ။

တိုင်းပြည်ကိုကာကွယ်ရန် တပ်မတော်ကိုဖွဲ့စည်းထားခြင်းဖြစ်ရာ တပ်မတော်တွင် အန္တရာယ်ရှိနေသမျှ ကာလပတ်လုံး မိမိအန္တရာယ်ကို ကာကွယ်နေရသည့် တပ်မတော်အစိုးရအဖို့ တိုင်းပြည်၏အရေးပါသည့်ကိစ္စများတွင် လစ်ဟင်းမှုများဖြစ်ပေါ် စေပါသည်။ မည်သည့်ပြည်ပ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းမဆို မြန်မာနိုင်ငံ၏တပ်မတော်ကို အန္တရာယ်ဖြစ်စေသည့် လုပ်ရပ်များတိုးမြှင့်လုပ်ဆောင်နေခြင်း၊ ၎င်းလုပ်ငန်းစဉ်များဆောင်ရွက်နေသော အဖွဲ့အစည်းအုပ်စုများကို ထောက်ခံအားပေးနေခြင်း၊ ၎င်းသဘောထားရှိသည့် အဖွဲ့အစည်းများအလိုကျရပ်တည်လုပ်ဆောင်ပေးနေခြင်းတို့သည် မြန်မာ့နိုင်ငံရေးပြဿနာကို ပိုမိုကြီးထွားသွားစေပြီး မြန်မာနိုင်ငံ၏ လုံခြုံရေးကိုလည်းခြိမ်းခြောက်ရာရောက်ပါသည်။ ထို့အတူ မြန်မာပြည်သူလူထု၏အကျိုးစီးပွားကိုလည်းထိခိုက်ပျက်ပြားစေပါသည်။

နိုင်ငံတစ်နိုင်ငံသည် မိမိနိုင်ငံ၏ နိုင်ငံတော်လုံခြုံရေးကိုခြိမ်းခြောက်ခံနေရပြီဆိုလျှင် ကာကွယ်ရေးအသုံးစရိတ်ကို ပိုမိုသုံးစွဲရစမြဲဖြစ်ပါသည်။ နိုင်ငံတစ်ခုအနေဖြင့် ကာကွယ်ရေးအသုံးစရိတ်ကို တိုးမြှင့်သုံးစွဲရသည်နှင့်အမျှ အခြားသောပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအသုံးစရိတ်များကို ပြည့်မီအောင်သုံးစွဲနိုင်ရန်အခွင့်အလမ်းလျော့နည်းသွားစေပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အလားတူ အခြေအနေကို ယခုကာလ၌ရင်ဆိုင်နေရပါသည်။

လုံခြုံရေးကောင်စီတွင် မြန်မာ့အရေးဆွေးနွေးခြင်းသည် မြန်မာနိုင်ငံ၏ဒီမိုကရေစီကူးပြောင်းရေးကိုပိုမိုမြန်ဆန်သွားစေရန် အထောက်အကူမဖြစ်စေနိုင်သည့်အပြင် အချိန်ကာလအားဖြင့်ပိုမိုကြန့်ကြာသွားစေနိုင်ပါသည်။ ထို့အတူအသွင်ကူးပြောင်းရေး ကာလကြာမြင့်သည်နှင့်အမျှ မြန်မာပြည်စူလူထုအတွက်မျှော်မှန်း၍မရနိုင်သောဒုက္ခဆင်းရဲများကိုသာ ပိုမိုဖြစ်ပေါ်စေနိုင်လိမ့်မည်ဟုယုံကြည်ပါသည်။ သို့အတွက်အထူးစိုးရိမ်မိပါသည်။

မြန်မာ့အရေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် တရားဝင်ပေါ်ပေါက်လာရေးသည် ငြင်းဆန်၍မရပါ၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသူတစ်ဦးအား အစိုးရခေါင်းဆောင်ဖြစ်ရေးကိုလည်း လုပ်ဆောင်၍မရပါ၊ ရွေးကောက်ပွဲ အနိုင်ရပါတီအနေဖြင့် ထိုအချက်နှစ်ချက်ကို မျက်ကွယ်ပြုပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကြန့်ကြာအောင်ပြုလုပ်နေသည်ဟု တပ်မတော်အစိုးရအား တစ်ဖက်သတ်အပြစ်ဖို့နေခြင်းကို လုံခြုံရေးကောင်စီမှ ဘက်လိုက်ရပ်တည်ပေးခြင်းသည်လည်း အဖြေမရနိုင်ပါ။ မြန်မာ့အရေးတွင်ဝင်ရောက်စွက်ဖက်ခြင်း သက်သက်သာလျှင်ဖြစ်သွားပါလိမ့်မည်။

မြန်မာ့အရေးကိုပြေလည်စေလိုပါက လုံခြုံရေးကောင်စီအနေဖြင့် ဆောင်ရွက်ပေးသင့်သည်မှာ–

(က) ဒေါ်အောင်ဆန်းစုကြည်ကို ရွေးကောက်ခံအစိုးရတွင် တရားဝင်အစိုးရခေါင်းဆောင်ဖြစ်ရေး လှုပ်ရှားမှုများအား စွန့်လွှတ် ပေးရန် NLD ပါတီနှင့် ၎င်းတို့၏နောက်လိုက်အဖွဲ့အစည်းများကို တိုက်တွန်းပေးရပါမည်။

(ခ) ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များအလျှင်အမြန် အကောင်အထည်ဖော်နိုင်ရန် တပ်မတော်အစိုးရ၏ ကြောင်းကျိုးဆီလျော်မှုရှိသည့် သဘောထားရပ်တည်ချက်များကို ထည့်သွင်းစဉ်းစားမှသာ အမှန်တကယ်မရှိမဖြစ် လိုအပ်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် အမြန်ဆုံးပေါ်ထွက်လာရေးအတွက် နိုင်ငံရေးလောကနှင့် တပ်မတော်အစိုးရတို့ နှစ်ဘက်ပူးပေါင်း ဆောင်ရွက်နိုင်ရေးကို NLD ပါတီကိုယ်တိုင်က ဒီမိုကရေစီရေးလိုအပ်ချက်တစ်ခုအဖြစ် သဘောထား လက်ခံလာအောင် တိုက်တွန်းပေးရ

ပါမည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီအနေဖြင့်၄င်း၊ အမေရိကန်အစိုးရအနေဖြင့်၄င်း၊ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့်လည်းကောင်း–

– ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်အား ယနေ့အချိန်အထိ ပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုနေသောရလဒ် ဟု သတ်မှတ်နေ၍မရနိုင်ပါ

– ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသော ဒေါ်အောင်ဆန်းစုကြည်အား ရွေးကောက်ခံအရပ်သားအစိုးရ၏တရားဝင် ခေါင်းဆောင်အဖြစ် မြန်မာ့တပ်မတော်မှ လက်ခံလာရန်လည်းကြိုးပမ်းဆောင်ရွက်နိုင်မည်မဟုတ်ပါ။

– မြန်မာနိုင်ငံတပ်မတော်အစိုးရ၏ ကြောင်းကျိုးဆီလျော်မှုရှိသည့် သဘောထားအမြင်များကို မျက်ကွယ်ပြု၍ မြန်မာ့အရေးကို ချဉ်းကပ်ဆောင်ရွက်နိုင်လိမ့်မည်မဟုတ်ပါ။

– မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးကြိုးပမ်းဆောင်ရွက်မှုများကို မလိုအပ်ဟုငြင်းဆန်၍မရပါ။

ထိုအချက်များကို သတိမမူဘဲ လုံခြုံရေးကောင်စီအပါအဝင် မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းကပဲဖြစ်ဖြစ် မြန်မာ့အရေးကို ချဉ်းကပ်ဆောင်ရွက်မည်ဆိုပါက အချည်းနှီးသာဖြစ်မည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

အမျိုးသားရေးဦးစီးကော်မတီ

၁၃၆၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၄)ရက်
၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ (၂၀)ရက်၊ ဗုဒ္ဓဟူးနေ့
ရန်ကုန်မြို့